# ၂၀၂၇ ခုနှစ် ၇ တန်း ကျောင်းအပ်ခြင်း

ဗစ်တိုးရီးယားတွင် ၇ တန်းကျောင်းသားများသည် အထက်တန်းကျောင်းတွင် စတင်သင်ကြားကြသည်။



## မည်သည့်အချိန်တွင် လျှောက်ထားနိုင်ပါသလဲ။

၂၀၂၇ခုနှစ် ဗစ်တိုးရီးယားအစိုးရအထက်တန်းကျောင်းအပ်ရန်လျှောက်လွှာများကို-

- ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက် တနင်္လာနေ့မှစ၍ **လျှောက်ထားနိုင်သည်**
- ၂၀၂၆ ခုနှစ် မေလ ၈ ရက် သောကြာနေ့ နောက်ဆုံးထား၍ **လျှောက်ထားရမည်။**

## ကျောင်းအပ်ရန် ကလေး၏အခွင့်အရေးများမှာ အဘယ်နည်း။

ဗစ်တိုးရီးယားတွင် သင့်ကလေးသည် *ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အက်ဥပဒေ ၂၀၀၆ ခုနှစ်* အရ ၎င်းတို့၏ သတ်မှတ်ထားသော ရပ်ကွက်ကျောင်း ('နယ်မြေကျောင်း') တွင် ကျောင်းအပ်ရန် အခွင့်အရေးရှိသည်။ သင်၏ နယ်မြေကျောင်းကို သင်၏အမြဲနေထိုင်ရာလိပ်စာအရ ကျောင်းဇုံနယ်မြေအားဖြင့် သတ်မှတ်သည်။ သင့်ဒေသခံကျောင်း မဟုတ်သောကျောင်းသို့လည်း လျှောက်ထားနိုင်သည်။ ထိုကျောင်းသည် နေရာလွတ်ရှိပါက သင့်ကလေးကို လက်ခံရမည်။

## ကလေးကို ၂၀၂၇ ခုနှစ်အတွက် ၇ တန်း၌ မည်သို့ ကျောင်းအပ်ရမည်နည်း။

သင့်ကလေးသည် ဗစ်တိုးရီးယားအစိုးရမူလတန်းကျောင်းတွင် ကျောင်းတက်နေပါက ထိုမူလတန်းကျောင်းသည် '၇ တန်း ကျောင်းအပ်ခြင်းလျှောက်လွှာ'ကို ပေးမည်ဖြစ်ပြီး၊ ထိုလျှောက်လွှာကို ဖြည့်စွက်၍ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်၊ သောကြာနေ့ နောက်ဆုံးထား၍ ပြန်ပို့ရပါမည်။ [Moving from primary to secondary school](Moving from primary to secondary school) ဝက်ဘ်ဆိုဒ်စာမျက်နှာတွင်လည်း ထိုလျှောက်လွှာကို ရှာတွေ့ရှိနိုင်ပါသည်။

သင်၏လျှောက်လွှာတွင် **သင့်အကြိုက်** အစိုးရအထက်တန်းကျောင်း ၃ ကျောင်းအထိ လျှောက်ထားနိုင်ပါသည်။

သင့်ကလေးသည် အစိုးရမူလတန်းကျောင်းတွင် မတက်ပါက ကျောင်းအပ်နှံခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်သော ထုတ်ပြန်ချက် အပိုအတွက် သင့်တက်လိုသောအထက်တန်းကျောင်းသို့ ဆက်သွယ်နိုင်ပါသည်။

## မိမိနယ်မြေအတွင်း ဒေသခံကျောင်းနှင့် အခြားကျောင်းများကို မည်ကဲ့သို့ရှာဖွေနိုင်မည်နည်း။

Find my School ရှိသော ရှာဖွေရန်ကို အသုံးပြု၍ သင်ရှိနေသောနေရာတွင်းရှိ ဒေသခံကျောင်းကို ရှာဖွေနိုင်သည်-

1. သင့်အင်တာနက်တွင် findmyschool.vic.gov.auကို ရိုက်ထည့်ပါ။
2. 'Enter your address to get started' အောက်တွင် သင့်လက်ရှိလိပ်စာကို ထည့်သွင်းပါ။
3. 'Enrolment year' အောက်တွင် ၂၀၂၆ ကို ရွေးချယ်ပါ။
4. 'School type' အောက်တွင် 'Secondary' နှင့် '7' ကို ရွေးချယ်ပါ။

ထို့နောက် မြေပုံက သင်ရှိနေသောနေရာတွင်းရှိ ဒေသခံကျောင်းကို ပြသပါမည်။ ထိုကျောင်းအတွက် ဆက်သွယ်ရန်များကို မြေပုံ၏ဘယ်ဘက်တွင် ရနိုင်ပါသည်။ အောက်သို့ ဆက်ဆင်းသွားပါက သင့်လိပ်စာနှင့်အနီးဆုံး အစိုးရကျောင်းငါးကျောင်းကို သင်တွေ့ရပါမည်။

## ကက်သလစ် သို့မဟုတ် ပုဂ္ဂလိကကျောင်းသို့ လျှောက်ထားလိုပါက မည်သို့လျှောက်ရမည်နည်း။

ကက်သလစ် သို့မဟုတ် ပုဂ္ဂလိက (အစိုးရမဟုတ်သော) ကျောင်းတွင် ကျောင်းအပ်လိုပါက သင်သည် ကျောင်းအပ်နည်းနောက်တစ်မျိုးကို လိုက်နာလုပ်ဆောင်ရမည်။ အောက်ပါဝဘ်ဆိုက်များတွင် နောက်ထပ်သတင်းအချက်အလက်များကို တွေ့ရှိနိုင်ပါသည်-

- ခရစ်ယန်ကျောင်းများ- vcea.catholic.edu.au/choosing-a-catholic-school/
- ပုဂ္ဂလိကကျောင်းများ- is.vic.edu.au/independent-schools/

အစိုးရမူလတန်းကျောင်းတွင် လက်ရှိ တက်ရောက်နေသော ၆ တန်းကျောင်းသားများ၏ မိဘများနှင့် အုပ်ထိန်းသူအားလုံးသည် ၎င်းတို့၏ကလေး ပုဂ္ဂလိကကျောင်းတွင် တက်ရောက်မည်ဖြစ်စေကာမူ *၇ တန်းကျောင်းအပ်ခြင်း လျှောက်လွှာ (Application for Year 7 Placement)* ကို ဖြည့်စွက်ရမည်။ ပုဂ္ဂလိကကျောင်းတွင် သင် ကျောင်းအပ်ထားပြီးကြောင်း (ကျောင်းအမည် အပါအဝင်) သို့မဟုတ် ကျောင်းမှလက်ခံမည်ကို စောင့်ဆိုင်းနေကြောင်း သင့်မူလတန်းကျောင်းသို့ တင်ပြနိုင်ရန်အတွက် ထိုလျှောက်လွှာကို အသုံးပြုနိုင်သည်။ ထိုလျှောက်လွှာကို မဖြည့်စွက်ပါက သင့်ကလေးသည် နယ်မြေအစိုးရ အထက်တန်းကျောင်းမှ လက်ခံကြောင်းကမ်းလှမ်းချက်ကို ရရှိမည်ဖြစ်သည်။

## ကျောင်းများက လျှောက်လွှာများကို မည်ကဲ့သို့ ဦးစားပေးရွေးပါသလဲ။

ကျောင်းများသည် ၎င်းတို့၏ကျောင်းဇုံနယ်မြေအတွင်း နေထိုင်သော ကျောင်းသားအားလုံးကို ကျောင်းအပ်နှံရန် ကမ်းလှမ်းမည်။ ကျောင်းများသည် နေရာလွတ်များ ရှိသေးပါက၊ ၎င်းတို့၏နယ်မြေပြင်ပနေ ကျောင်းသားများကို လက်ခံနိုင်ပါသည်။ ကျောင်းတစ်ကျောင်းသည် ၎င်းတို့၏ကျောင်းဇုံနယ်မြေပြင်ပတွင် နေထိုင်သော ကျောင်းသားအားလုံးကို လက်မခံနိုင်ပါက ထိုလျှောက်လွှာများကို အောက်ပါဦးစားပေး အစီအစဉ်အတိုင်း လက်ခံပါမည်-

1. ထိုကျောင်းတွင် လက်ရှိ စာသင်နေဆဲဖြစ်သော ညီအကိုမောင်နှမနှင့် လိပ်စာတူ ကျောင်းသားများကို ဦးစားပေး ရွေးချယ်ပြီးနောက်
2. အိမ်နှင့် ကျောင်း အကွာအဝေးနီးကပ်ခြင်း အစီအစဉ်အတိုင်း ရှိကြသည့် အခြားကျောင်းသား အားလုံး

ကျောင်းနယ်မြေပြင်ပနေကျောင်းသားများကို အခြေအနေအချို့တွင် စာနာရိုင်းပင်းမှုအရလည်း ကျောင်းလက်ခံနိုင်ပါသည်။ ကျောင်းအပ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ပုံကို လေ့လာရန် Enrolling in school တွင် ကြည့်ရှုပါ။

## လျှောက်လွှာပုံစံတင်သွင်းပြီးနောက် မိမိ၏ အကြောင်းအချက်များ ပြောင်းလဲသွားပါက ဘာလုပ်ရမည်နည်း။

သင့်ကလေး၏မူလတန်းကျောင်းကို အမြန်ဆုံးဆက်သွယ်ပါ။ ထိုကျောင်းများသည် သင်၏ကျောင်းအပ်လျှောက်လွှာကို ပြင်ဆင်ပေးပါမည်။

## မိမိတက်လိုသော အထက်တန်းကျောင်းမှ လက်ခံစာမရရှိခဲ့ပါက အသနားခံစာ တင်နိုင်ပါသလား။

တင်နိုင်ပါသည်၊ သင်၏ကျောင်းအပ်လျှောက်လွှာ ရလဒ်အဖြေကို သင် အယူခံဝင်နိုင်သည်။ သင့်ကလေးသည် အစိုးရမူလတန်းကျောင်းတွင် တက်နေပါက၊ ကလေး၏မူလတန်းကျောင်းသည် ပညာရေးဌာန၏ အယူခံပုံစံ မိတ္တူတစ်စောင်ကို ပေးနိုင်သည်၊ ၎င်းတွင် သင်တက်လိုသောအထက်တန်းကျောင်းသို့တက်ရန် အယူခံလွှာမည်သို့တင်သွင်းရမည်ကို ရှင်းပြထားသည်။ သင့်ကလေးသည် အစိုးရမူလတန်းကျောင်းတွင် မတက်နေပါက အထက်တန်းကျောင်းသို့ တိုက်ရိုက်ဆက်သွယ်ပါ။ ထိုကျောင်းများက သင့်အား အယူခံပုံစံနှင့် အယူခံလွှာနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပေးနိုင်ပါသည်။

## အစိုးရကျောင်းမဟုတ်သော (ကက်သလစ် သို့မဟုတ် ပုဂ္ဂလိက) မူလတန်းကျောင်းမှ မည်သို့လျှောက်ထားရမည်နည်း။

သင့်ကလေးသည် အစိုးရကျောင်းမဟုတ်သော မူလတန်းကျောင်းတွင် တက်ရောက်နေပါက၊ *၇တန်း ကျောင်းအပ် လျှောက်လွှာပုံစံ*ကို ဖြည့်စွက်ပြီး ၂၀၂၆ မေလ ၈ ရက်၊ သောကြာနေ့နောက်ဆုံးထား၍ သင့်အကြိုက် အစိုးရအထက်တန်းကျောင်းသို့ တိုက်ရိုက်တင်သွင်းရမည်။

မိဘများနှင့် အုပ်ထိန်းသူများအတွက် ၆တန်းမှ ၇တန်းကျောင်းအပ် သတင်းအချက်အလက် စာထုပ်ပါလျှောက်လွှာပုံစံကို Moving from primary to secondary school (မူလတန်းမှ အလယ်တန်းသို့ ရွှေ့ပြောင်းခြင်း) ဝက်ဘ်စာမျက်နှာမှ ဒေါင်းလုဒ်ဆွဲယူနိုင်ပါသည်။

## ၇ တန်း ကျောင်းရွေးချယ်မှုနှင့် ပတ်သက်သည့် နောက်ထပ်ထုတ်ပြန်ချက်များကို မည်သည့်နေရာတွင် ရှာနိုင်မည်နည်း။

၇တန်း ကျောင်းအပ် လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက် စာထုပ်ကို Moving from primary to secondary school ဝက်ဘ်စာမျက်နှာတွင် တွေ့ရှိနိုင်ပါသည်။ ဤထုတ်ပြန်ချက်မိတ္တူအတွက် သင့်ကလေး၏ မူလတန်းကျောင်းမှလည်း တောင်းခံနိုင်ပါသည်။

ဤထုတ်ပြန်ချက်ဘာသာပြန်ရာတွင် အကူအညီ လိုအပ်ပါက သင့်ကလေး၏ မူလတန်းကျောင်းသို့ ဆက်သွယ်ပါ။

## အကူအညီရရန် မည်သူ့ကို ဆက်သွယ်ရမည်နည်း။

၆ တန်း ညှိနှိုင်းရေးမှူး၊ ကျောင်းပြောင်းလဲခြင်းညှိနှိုင်းရေးမှူး သို့မဟုတ် သင့်ကလေး၏ မူလတန်းကျောင်းအုပ်တို့သည် ၇ တန်း ကျောင်းရွေးချယ်မှုအကြောင်းမေးခွန်းများကို ကူညီဖြေဆိုပေးနိုင်ပါသည်။

## အသုံးဝင်သော အချိတ်အဆက်များ

မိမိကျောင်းကို ရှာရန် – findmyschool.vic.gov.au

ကျောင်းနယ်မြေများ – vic.gov.au/school-zones

ကျောင်းအပ်နှံခြင်း – vic.gov.au/how-choose-school-and-enrol

အထက်တန်းကျောင်းသို့ ရွှေ့ပြောင်းခြင်း – vic.gov.au/moving-primary-secondary-school-information-parents-and-carers

မသန်စွမ်းသူနှင့်လူတိုင်း သင်ကြားနိုင်သည့် ပညာရေး – vic.gov.au/disability-and-inclusive-education

ဒေသခံရုံး အဆက်အသွယ်များ – vic.gov.au/office-locations-department-education-and-training

## အထွေထွေ စုံစမ်းမေးမြန်းမှုများ

အီးမေးလ် - enquiries@education.vic.gov.au

ဖုန်း: ၁၈၀၀ ၃၃၈ ၆၆၃

# ၂၀၂၇ ခုနှစ် ၇တန်း ကျောင်းအပ်ခြင်းအတွက် အချိန်ဇယား

| ၂၀၂၅ ခုနှစ်အတွင်း ရက်များ | မိဘ/အုပ်ထိန်းသူများ မည်သည်တို့ လုပ်ရန်လိုအပ်သနည်း။ |
|---|---|
| **ပထမသုံးလပတ်- ၂၀၂၆ ဇန်နဝါရီ၂၇ ရက် အင်္ဂါ (ဇန်နဝါရီလ ၂၈ ရက် ကျောင်းဖွင့်မည်) – ၂၀၂၆ ဧပြီလ ၂ ရက် ကြာသပတေး** | |
| **၂၀၂၆ ပထမသုံးလပတ် မှစ၍** | • **အထက်တန်းကျောင်းများစီစဉ်သော ကျောင်းလေ့လာရေးများကို တက်ရောက်ပါ** *(မိမိဆန္ဒအလျောက်)*။ |
| **၂၀၂၆ ဧပြီလ ၂ ရက် ကြာသပတေးနေ့နောက်ဆုံး** | • ၂၀၂၇ စာသင်နှစ်ကျောင်းဇုံနယ်မြေများ ထုတ်ပြန်ပါမည်။ သင့် နယ်မြေ ကျောင်းကို www.findmyschool.vic.gov.au တွင် **ရနိုင်ပါသည်**။ |
| **ဒုတိယ ကျောင်းသုံးလပတ်- ၂၀၂၆ ဧပြီ ၂၀ တနင်္လာမှ ၂၀၂၆ ဇွန် ၂၆ ရက် သောကြာ** | |
| **၂၀၂၆ ဧပြီလ ၂၀ တနင်္လာနေ့မှစ၍** | • ဒုတိယသုံးလပတ်မှစ၍ မူလတန်းကျောင်းများသည် ၆ တန်းကျောင်းသားများ၏ မိသားစုများအား ၆တန်းမှ ၇တန်းသို့ ကျောင်းအပ်ထုတ်ပြန်ချက်စာထုပ်ကို ပေးပါလိမ့်မည်။ ထိုစာထုပ် တွင် '၇ တန်း ကျောင်းအပ် လျှောက်လွှာ' ပါရှိသည်။<br>• **အသေးစိတ်အချက်အလက်များအတွက်** ၆တန်းမှ ၇တန်း ကျောင်းအပ် ထုတ်ပြန်ချက် စာထုပ်ကို **Moving from primary to secondary school** မှလည်း **ဒေါင်းလုဒ် ရနိုင်သည်**။ |
| **၂၀၂၆ မေလ ၈ ရက် သောကြာနေ့နောက်ဆုံး** | • **၇ တန်း ကျောင်းအပ် လျှောက်လွှာကို သင့်ကလေး၏ မူလတန်းကျောင်းသို့ တင်သွင်းပါ။**<br>• သင့်ကလေးသည် လက်ရှိတွင် အိမ်ကျောင်းတက်နေပါက သို့မဟုတ် အစိုးရကျောင်းမဟုတ်သော မူလတန်းကျောင်းတွင် တက်ရောက်နေပါက၊ သင တက်လိုသော အစိုးရအထက်တန်းကျောင်းသို့ လျှောက်လွှာကို တိုက်ရိုက်တင်သွင်းပါ။ |
| **၂၀၂၆ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့** | • **အထက်တန်းကျောင်းများသည်** ၂၀၂၇ စာသင်နှစ်အတွက် ကျောင်းအပ် ရလဒ်အဖြေ**ကို ဤရက်နောက်ဆုံးထား၍ စာဖြင့် အကြောင်းကြားပါမည်။** |
| **တတိယသုံးလပတ် - ၂၀၂၆ ဇူလိုင် ၁၃ ရက် တနင်္လာမှ ၂၀၂၆ စက်တင်ဘာ ၁၈ ရက် သောကြာ** | |
| **၂၀၂၆ ဇူလိုင် ၁၇ ရက် သောကြာနေ့** | • သင် အယူခံတင်သွင်းရန် ရည်ရွယ်ပါက ဤရက်မတိုင်မီ သင့်အကြိုက် အထက်တန်းကျောင်းသို့ အယူခံလွှာကိုစာဖြင့် တင်သွင်းပါ။ |
| **၂၀၂၆ ဩဂုတ် ၄ ရက် အင်္ဂါနေ့ နောက်ဆုံး** | • အထက်တန်းကျောင်းများသည် အယူခံလွှာရလဒ်အဖြေများကို သင့်ထံ စာဖြင့်အကြောင်းကြားပေးပါမည်။ |
| **၂၀၂၆ ဩဂုတ် ၁၁ ရက် အင်္ဂါနေ့ နောက်ဆုံး** | • **'Year 7 Placement Acceptance Slip' ကို ဖြည**့်စွက်ပြီး သင့်ကလေး၏ မူလတန်းကျောင်းသို့ ပြန်ပို့ခြင်းဖြင့် သင့်ကလေးအတွက် ကျောင်းအပ်ခြင်းကို လက်ခံကြောင်း အတည်ပြုပါ။ |
| **၂၀၂၆ ဩဂုတ် ၁၈ ရက် အင်္ဂါနေ့ နောက်ဆုံး** | • သင့်အကြိုက် အထက်တန်းကျောင်းသို့ အယူခံ မအောင်မြင်ပါက သက်ဆိုင်ရာ ဒေသညွှန်ကြားရေးမှူးထံ စာဖြင့် အယူခံလွှာ တင်သွင်းနိုင်ပါသည်။ |
| **စတုတ္ထသုံးလပတ် - ၂၀၂၆ အောက်တိုဘာ ၅ ရက် တနင်္လာ မှ ၂၀၂၆ ဒီဇင်ဘာ ၁၈ ရက် သောကြာ** | |
| **၂၀၂၆ အောက်တိုဘာ ၁၆ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • ဒေသညွှန်ကြားရေးမှူးထံ အယူခံလွှာ တင်သွင်းထားပါက ဤရက်စွဲနောက်ဆုံးထား၍ အဖြေကို စာဖြင့် သင့်ထံ အကြောင်းကြားပေးပါမည်။ ၎င်းသည် ၂၀၂၆ ဩဂုတ် ၁၈ ရက် အင်္ဂါနေ့ နောက်ဆုံးထား၍ လက်ခံရရှိသော အယူခံလွှာများအတွက်သာ သက်ဆိုင်သည်။ |
| **၂၀၂၆ ဒီဇင်ဘာ ၈ ရက်၊ အင်္ဂါနေ့** | • အထက်တန်းကျောင်းများက ၆ တန်းကျောင်းသားများအတွက် **ကျောင်းသားသစ်မိတ်ဆက်ပွဲကို** ကျင်းပပါမည်။ |